# Minutes of Myanmar Language Information Management Network Meeting
*25th September 2024, 2PM MMT, online via Zoom*

## Agenda

1. Presentation – Trends in Child Labour in Myanmar 2021-24 (ILO)
2. သုံးလတစ်ကြိမ် အစည်းအဝေး ပြုလုပ်ရေးအတွက် အဖွဲ့ဝင်များ၏ သဘောထားကို ကောက်ယူခြင်း
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: AHRN, BS, CBC, CPI, DRC, GH, HALO, ICRC, IFPRI, ILO, JOICFP, MC, MIMU, MSU, NAG, Nyein, SDF, SWISSAID, UNICEF, UNODC, UNRCO, WF, WVIM (31 participants from 23 organisations)

## ၁။ ၂၀၂၁ - ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကလေးလုပ်သား အခြေအနေများ

၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ လုံခြုံရေးဆိုင်ရာ အခြေအနေများ ဆိုးရွားလာခြင်း၊ ပဋိပက္ခများ တိုးလာခြင်း၊ ရွှေ့ပြောင်းသွားလာသူများ၏ အရေအတွက် တိုးပွားလာခြင်း၊ စီးပွားရေးကျဆင်းခြင်းနှင့် အလုပ်အကိုင်များ အခွင့်အလမ်းများ လျော့နည်းလာခြင်းတို့ကြောင့် ကလေးအလုပ်သမားများ တိုးလာခဲ့သည်။

၎င်းကဲ့သို့သော အပြောင်းအလဲများကို ပိုမို နားလည်သိရှိနိုင်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တစ်စိတ်တစ်ဒေသ ထိန်းချုပ်ထားသည့် မွန်၊ ကရင်၊ ရှမ်းနှင့် ကယားပြည်နယ်များတွင် သုတေသနများပြုလုပ်ခဲ့ပြီး အဆိုပါဒေသများတွင် ကလေးများသည် အရင်းအမြစ် ရရှိနိုင်မှုနည်းပါးခြင်း၊ ပဋိပက္ခများ ဖြစ်ပွားရာ နေရာဒေသများ ဖြစ်ခြင်း၊ ရွှေ့ပြောင်းသွားလာမှုများခြင်း၊ ဆင်းရဲချို့တဲ့မှုများခြင်းတို့ကြောင့် အန္တရာယ်များသော အလုပ်များတွင်ပါဝင်လာကြသည်။ ပညာရေးကဏ္ဍအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းများမှရွှေ့ပြောင်းလာကြရသော ကလေးသူငယ်များသည် လက်ရှိရောက်နေသော နေရာဒေသရှိကျောင်းများတွင် ဆက်လက်စာသင်ကြားနိုင်ရန်အတွက် ဘာသာစကား အခက်အခဲများနှင့် ကျောင်းတက်ရန်လိုအပ်သော စာရွက်စာတမ်းအခက်အခဲများကို ရင်ဆိုင်တွေ့ကြုံနေကြရသည်။

သုတေသနအနေဖြင့် လက်ရှိအခြေအနေများကြောင့် quantitative အနေဖြင့် မကောက်ယူနိုင်ခဲ့သော်လည်း qualitative အနေဖြင့် ကောက်ယူနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမသုံးလတာကာလအတွင်း Key Informant Interviews (KIIs) နှင့် Focus Group Discussions (FGDs) များအရ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ နမူနာအရေအတွက်များနှင့် ဖြေဆိုသူများသည် ကျပန်းကောက်ယူထားခြင်းမျိုး မဟုတ်သည့်အတွက်

တွေ့ရှိချက်များသည် သတ်မှတ်ထားသောဧရိယာများတွင်သာ ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။ သို့သော် အမျိုးမျိုးသော stakeholders များအနေဖြင့် ရလဒ်များအချို့တွင် ကိုက်ညီမှုများရှိခြင်း၊ လတ်တလော လုပ်ဆောင်ထားသော အခြားသုတေသနများ၏ရလဒ်များနှင့် ကိုက်ညီနေသဖြင့် ကလေးအလုပ်သမား အခြေအနေများကို သုတေသနက မှန်ကန်စွာ ဖော်ပြနိုင်ကြောင်း ယူဆရသည်။

အဓိကရလဒ်များအရ ၂၀၂၁ ခုနှစ် မတိုင်မီနှစ်များထက် ပိုမိုငယ်ရွယ်သော ၈ နှစ်အရွယ် ကလေးများအထိ အလုပ်သမားအဖြစ် ပါဝင်လာကြောင်း တွေ့ရှိရသည်။ ထို့အပြင် ကလေးအလုပ်သမားများသည် အန္တရာယ်ရှိသည့် ဂိမ်းလောင်းကစားများ၊ စစ်တပ်များ၊ ရာဇဝတ်မှုများနှင့်ဆက်စပ်သော လုပ်ငန်းများတွင် အလုပ်လုပ်နေရခြင်းများ ကြုံရသည်။ ကျား/မ ကွာခြားချက်အရ ယောက်ျားလေးများသည် ကျားဖြန့်လုပ်ငန်းများနှင့် ကလေးစစ်သားအဖြစ် ပါဝင်ရခြင်းများ ဖြစ်လေ့ရှိပြီး မိန်းကလေးများသည် အိမ်အကူအလုပ်သမားအဖြစ် ရောက်ရှိခံရလေ့ရှိသည်။ ထို့အပြင် စီးပွားရေးကျဆင်းမှုကြောင့် ကလေးများ စားနပ်ရိက္ခာအရည်အသွေး ကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုများကြောင့် မိသားစုများ ပြိုကွဲခြင်းများဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ပြဿနာများဖြစ်ပွားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ တိုးလာခြင်းတို့ကိုလည်း တွေ့ရှိရသည်။

စစ်မှုထမ်းခြင်းမှ ရှောင်ရှားလိုသောကြောင့် အဓိကအားဖြင့် မြန်မာနိုင်ငံတွင် ကလေးလုပ်သားအပေါ် သဘောထားများ သိသာထင်ရှားစွာ ပြောင်းလဲလာပါသည်။ တပ်မတော်မှ ၂၀၁၀ ပြည်သူ့စစ်မှုထမ်းဥပဒေအား အသစ်ပြန်လည်ပြဋ္ဌာန်းပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့မှ စစ်မှုထမ်းခြင်းနှင့်အတူ ယခုအခါ မိသားစုအများအပြားသည် ကလေးလုပ်သားများကို လက်နက်ကိုင်ပဋိပက္ခတွင် စုဆောင်းခြင်းမှ ကင်းဝေးစေရန်အတွက် ကလေးအလုပ်သမားအဖြစ် ပိုမိုခိုင်းစေလာကြသည်။ ကလေးလုပ်သားအပေါ် ခံယူချက် ပြောင်းလဲမှုက ကလေးအလုပ်သမားများပိုမို တိုးလာစေပါသည်။ အသစ်ပြန်လည်ပြဋ္ဌာန်းလိုက်သော စစ်မှုထမ်းဥပဒေသည် အရွယ်ရောက်ပြီးသူအများအပြား ထွက်ပြေး ရွှေ့ပြောင်းရန် လှုံ့ဆော်ပေးခဲ့ပြီး ကလေးများအား ၎င်းတို့၏အိမ်ထောင်စုများတွင် စီးပွားရေးတာဝန်များ ထမ်းဆောင်ရန် ပိုမိုဖြစ်ပေါ်လာစေသည်။

လက်ရှိအခြေအနေများကြောင့် ကလေးအလုပ်သမားအရေးကို ကိုင်တွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် အခက်အခဲများနှင့် ကန့်သတ်မှုများ ကြုံနေရသည်။

အကြံပြုချက်များအနေဖြင့် ကလေးအလုပ်သမားများ အခြေအနေများကို ဆက်လက် စောင့်ကြည့်လေ့လာမည်ဖြစ်ပြီး service referral ပေးရန် လုပ်ဆောင်ထားရမည်ဖြစ်သည်။ လုပ်ငန်းစဉ်နှင့် နည်းဗျူဟာများ ထိန်းညှိရန် လိုအပ်ပြီး ကလေးများကို ကာကွယ်ပေးရန် အရေးတကြီး အစီအမံများပြုလုပ်ရန် လိုအပ်ပြီး အန္တရာယ်ရှိသည့် အလုပ်များမှ ကလေးများကို ကာကွယ်ပေးရန် လိုအပ်သည်။ ထို့အပြင် လက်မှုပညာသင်တန်းများ အပါအဝင် စီးပွားရေးနှင့် ပညာရေးဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးခြင်း၊ လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းများဖြစ်စေရန် သေချာစွာ လုပ်ဆောင်စေခြင်း၊ ကလေး လုပ်သားရေးရာများကို အသိပညာပေးမှုများ လုပ်ဆောင်ခြင်း၊ မိသားစုများနှင့် ကလေးများအား ကူညီသူများကိုလဲ လုံခြုံရေး စောင့်ရှောက်နိုင်စေခြင်းတို့ဖြင့် ကလေးအလုပ်သမားဖြစ်ရခြင်းကို လျှော့ချနိုင်စေရန် အစီအစဉ်များ လိုအပ်သည်။

## ၂။ သုံးလတစ်ကြိမ် အစည်းအဝေး ပြုလုပ်ရေးအတွက် အဖွဲ့ဝင်များ၏ သဘောထားကို ကောက်ယူခြင်း

IM Network Myanmar Meeting ကို ၂၀၂၁ ခုနှစ် မေလမှ စတင်ကျင်းပခဲ့ပြီး လစဉ်ပြုလုပ်ခဲ့ရာ ၂၀၂၂ ခုနှစ်မှစ၍တစ်လခြားတစ်ခါ ပြုလုပ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်တွင် သုံးလတစ်ကြိမ်ပြုလုပ်ရန် ရည်ရွယ်ထားပြီး Zoom မှ Poll System ဖြင့် သဘောထားကို ကောက်ယူခဲ့ရာ၊ ဖြေဆိုသူ ၂၄ ယောက်အနက် ၂၃ ယောက်က သဘောတူသဖြင့် ၂၀၂၅ ခုနှစ်တွင် သုံးလတစ်ကြိမ် (တစ်နှစ်လျှင် လေးကြိမ်) အစည်းအဝေးပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တစ်ကြိမ်ထပ်မံကျင်းပမည်ဖြစ်ပြီး၊ ၄င်းအစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွက် အစည်းအဝေးအစီအစဉ်ကို အဖွဲ့ဝင်များအား ရှင်းပြသွားမည်ဖြစ်သည်။

## ၃။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**JOICFP** ။ ။ Registration Process ကို စောင့်နေပါသည်။

**WVM** ။ ။ 5W Data ပို့ပေးထားပါသည်။ နှစ်ကုန်ပြီဖြစ်သောကြောင့် Budget Year ပိတ်ပြီး မြို့နယ် ၆ မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပိတ်သိမ်းခြင်း လုပ်နေပြီ ဖြစ်သည်။

**CPI** ။ ။ Implementing Partner များကို RNA (Rapid Needs Analysis) သင်တန်းပေးခဲ့ပါသည်။ ရေကြီးရေလျှံမှု အရေးပေါ် ကူညီမှုအတွက် RNA ကို ဒီအပတ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်သည်။ ထို့အပြင် 5W ဒေတာကိုလည်း တင်ပြထားသည်။

**WASH Cluster** ။ ။ ယခု ၂၀၂၅ ခုနှစ် HNRP လုပ်ငန်းစဉ်ကို လုပ်ဆောင်နေပါသည်။ DRAFT people in need နှင့် အပြင်းအထန်ခံစားရမှု အဆင့်သတ်မှတ်ချက်များကို မြို့နယ်အလိုက် ဖော်ထုတ်ပြီး OCHA သို့ တင်ပြထားသည်။ people targeting နှင့် ကုန်ကျစရိတ်တွက်ချက်ခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**MIMU** ။ ။ 5W ပေးပို့မှု ၁၈၀ ခန့် ရရှိပြီးဖြစ်သည်။ လက်ရှိတွင် Pcodes တိုက်စစ်မှုနှင့် ဒေတာရှင်းလင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပါသည်။ Restricted Data များအများစု ပါဝင်နေသောကြောင့် donor များနှင့် အဖွဲ့အစည်းများအနေဖြင့် အဆိုပါ ဒေတာများကို တကယ်လိုအပ်မှုရှိပါက ပေးပို့သူ အဖွဲ့အစည်းများကို ဆက်သွယ်တောင်းခံနိုင်စေရန်၊ MIMU အနေဖြင့် ပေးပို့သူအဖွဲ့အစည်းကို ဆက်သွယ်နိုင်သော အချက်အလက်ကို ပေးပို့သူအဖွဲ့အစည်းထံ ခွင့်တောင်းပြီး လက်ခံမှ ပေးမည်ဖြစ်သည်။ သီတင်းကျွတ်မတိုင်မီ Dashboards များ ထွက်ရှိစေရန် ကြိုးစားနေပြီး၊ သီတင်းကျွတ်အပြီး မြေပုံများ ထွက်ရှိမည်ဖြစ်သည်။ MIMU သည် ရေကြီးရေလျှံ အရေးပေါ် ကူညီမှုအတွက် satellite ဂြိုဟ်တုပုံရိပ်များကို အသုံးပြု၍ ရေလွှမ်းမိုးနိုင်ခြေရှိသည့် မြေပုံများ ဆက်လက်ထုတ်လုပ်နေပါသည်။ လက်ရှိ 5W ဒေတာအချိန်ဖြစ်သည့်အတွက် သင်တန်းများကို ခဏရပ်နားထားပြီး

နိုဝင်ဘာလတွင် IM Workshop ရှိကာ ဒီဇင်ဘာလတွင် GIS Training ပြုလုပ်မည်ဖြစ်သည်။ IM Group Members များကို ပိုမိုဦးစားပေး၍ ခေါ်ယူသွားမည်ဖြစ်သည်။

## ၄။ အထွေထွေ ဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း နိုဝင်ဘာလ နောက်ဆုံးအပတ် ၂၇ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။